ထိန်ပင်ကျေးရွာအုပ်စု၊ ဆီဆုံကုန်းလေးကျေးရွာ

ပင်လောင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစာတမ်း



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ထိန်ပင်ကျေးရွာအုပ်စု၊ ဆီဆုံကုန်းလေးကျေးရွာ၊ ပင်လောင်းမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး၀န်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	စကားချီး	၂	၃
၂	ကျေးရွာ၏ သယံဇာတပြမြေပုံ	၄	၄
၃	ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်	၅	၅
၄	ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ	၆	၆
အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ			
၆	တည်နေရာနှင့် ပထဝီအနေအထား	၇	၇
၇	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၇	၇
၈	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၇	၈
၉	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	၈	၈
	(က) သီးနှံစိုက်ပျိုးရေး	၈	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈	၉
	(ဂ) ငါးလုပ်ငန်း	၉	၉
	(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၉	၉
	(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု	၉	၁၀
၁၀	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၁၀	၁၀
၁၁	ပညာရေး	၁၀	၁၁
၁၂	ကျန်းမာရေး	၁၁	၁၁
၁၃	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၁	၁၂
၁၄	ကျား-မရေးရာ	၁၂	၁၂
၁၅	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၂	၁၄
အပိုင်း (၂) စီမံချက်ဆိုင်ရာအချက်အလက်များ			
၁၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၅	၁၅
၁၇	စီမံချက်ဆိုင်ရာ အချက်အလက်များ	၁၆	၁၈
၁၈	ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၁၉	၂၀
နောက်ဆက်တွဲများ			
၁၉	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၂၁	၅၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၄/၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်း တာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအတွင်းရှိ အဖွဲ့စည်းများနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။


ကျွန်ုပ်တို့ကျေးရွာတွင် ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်း**လ**မ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် လက်ရှိကျေးရွာနှင့် သက်ဆိုင်သည့် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှလည်း ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်း စွာသိရှိခဲ့ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့
ထိန်ပင်ကျေးရွာအုပ်စု၊ဆီဆုံကုန်းလေးကျေးရွာ
ပင်လောင်းမြို့နယ်


ပင်လောင်းမြို့နယ်၊ ဆီဆုံကုန်းလေးကျေးရွာ၏ သယံဇာတပြမြေပုံ



ပင်လောင်းမြို့နယ်၊ ဆီဆုံကုန်းလေးကျေးရွာ၏ ရာသီခွင်ပြ ပြကွဒိန်



ပင်လောင်းမြို့နယ်၊ ဆီဆုံကုန်းလေးကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



အပိုင်း(၁)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာအနေအထားနှင့် ပထဝီအနေအထား

ဆီဆုံကုန်းလေးကျေးရွာသည် ပင်လောင်းမြို့နယ်၏ အနောက်တောင်ဘက် (၃၅/၀)မိုင်ခန့် အကွာအဝေးရှိ ပေါင်းလောင်းမြို့နှင့်(၀/၁)မိုင်အကွာတွင် တည်ရှိနေသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ သွားလာရလွယ်ကူသည့် ကျေးရွာလည်းဖြစ်ပါသည်။ ကျေးရွာသို့ ကတ္တရာလမ်း၊ ကျောက်ကြမ်းလမ်းနှင့် မြေသားလမ်းဖြင့် သွားလာရမည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူချောမွေ့သည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ ငရုပ်သီး၊ ပြောင်း၊ စပါး၊ ဂျုံး၊ နန္နင်းစသည့် သီးနှံများအပြင် လက်ဖက်စသည့်သီးနှံများကိုလည်း အဓိကထား စိုက်ပျိုးကြပါသည်။ မွေးမြူရေးလုပ်ငန်းအနေဖြင့် တပိုင်တနိုင်လုပ်ကိုင်ကြသည့် အိမ်ထောင်စုအနည်း ငယ်သာရှိပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ (၅၄.၉၅) ဝန်းကျင်ခန့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် များစွာအထောက်အကူပြုပါသည်။ ကျေးရွာ၏တည်ရှိမှုမှာ တောင်ပေါ်ဒေသဖြစ်သော်လည်း မိုးများ၍အပူပိုင်းကျရောက်သည့် ဒေသဖြစ်ပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် ပေါင်းလောင်းမြို့ရှိပြီး အနောက်ဘက်တွင် ပေါင်းလောင်းချောင်းရှိပါသည်။ အရှေ့ဘက်နှင့် တောင်ဘက်တွင် တောင်တန်းများ၊ နန္နင်းခြံများ ရှိပါသည်။

၂။ ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

ဆီဆုံကုန်းလေးကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းအဓိကထားလုပ်ကိုင်ကြပြီး ငါးဖမ်းလုပ်ငန်းများကိုသာ တပိုင်တနိုင်လုပ်ကိုင်ကြသည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာ၏တောင်ဘက်တွင် ကျေးရွာဘုန်းကြီးကျောင်း(၁)ကျောင်းတည်ရှိပါသည်။ ကျေးရွာမှ စိုက်ပျိုးကြသည့် လယ်ယာမြေများသည် မြေဆီလွှာကောင်းမွန်မှု အသင့်အတင့် အနေအထားရှိပါသည်။ စပါး၊ ငရုတ်၊ ဂျုံး၊ နန္နင်းစသည့်သီးနှံများကို အဓိကထားစိုက်ပျိုးကြပါသည်။ ကျေးရွာအတွင်းနှင့် ကျေးရွာ၏အနီးနားတွင် သဘာဝတွင်းထွက် သယံဇာတများ ထွက်ရှိမှု မရှိပါ။ ကျောက်၊ ကျောက်စရစ်များ ထွက်ရှိမှု အနည်းငယ်သာရှိပြီး သဲများကို ပေါင်းလောင်းချောင်းမှ တစ်ဆင့်ရရှိကြပါသည်။ ကျေးရွာ၏ သစ်တောမြေပိုင်ဆိုင်မှု အနည်းငယ်သာရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစိမ်ခန့်ခွဲမှုအခြေအနေ

ဆီဆုံကုန်းလေးကျေးရွာအတွင်း အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့(၁)ဖွဲ့၊ ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့၊ ဘာသာရေးဆိုင်ရာ၊ ရေကော်မတီ၊ မီးလင်းရေးကော်မတီ၊ ကျန်းမာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများလည်းရှိပြီး ကျေးရွာပြင်ပအဖွဲ့အစည်းချိတ်ဆက်မှုအနေဖြင့် ပညာရေးဌာန သမဝါယမဌာန၊ ကျေးလက်ဦးစီးဌာနနှင့် မြို့နယ်ထွေ/အုပ်နှင့် ချိတ်ဆက်မှုရှိပါသည်။ ကျေးရွာအတွင်းတွင်ဖွဲ့စည်းထားသည့် အစုအဖွဲ့များမှာ အနည်းဆုံး(၆)ဖွဲ့ရှိပြီး မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက်ဖြစ်သည့် လုပ်ငန်းတာဝန်များအား တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာ

ပြင်ပမှအခြားလူမှုရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် မြစ်ထောက်ပံ့ရေးအဖွဲ့အနည်းငယ်သာရှိပြီး ၎င်းအဖွဲ့များသည် ချေးငွေကိစ္စတွင် ထောက်ပံ့ပေးမှုရှိပါသည်။ အခြားသော **(INGO)** အဖွဲ့အစည်းများ မရှိပါ။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု၏ (၇)စုသည် အဆင်ပြေသောအိမ်ထောင်စု၊ (၂၇)စုသည် အလယ်အလတ်အိမ်ထောင်စု၊ (၃၂)စုသည် ဆင်းရဲသော အိမ်ထောင်စုနှင့် ကျန်(၁၉)စုသည် အလွန်ဆင်းရဲသော အိမ်ထောင်စုများအဖြစ် သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အတင့်တင့်အနေအထားရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအား မိုးရာသီအချိန်တွင်သာ စိုက်ပျိုးကြပါသည်။အခြားသော စိုက်ပျိုးရေးသုံး လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုမှာ ထွန်စက်(၄)စီး၊ မြက်ရိတ်စက်(၁၀)လုံး ပိုင်ဆိုင်ကြပြီး၊ အိမ်ထောင်စု တော်တော်များများ သည် စိုက်ပျိုးရေးကာလ ရောက်သည့်အချိန်တွင် စိုက်ပျိုးရေးသုံးလယ်ယာမြေစက်ကိရိယာများအား ငှားရမ်းပြီး ထွန်ယက်စိုက်ပျိုးကြရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေအရင်းအမြစ်မှာ အများအားဖြင့် မိုးသောက်ရေတစ်ဆင့်ရရှိခြင်းကြောင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ရန် အဆင်မပြေပါ။ ကျေးရွာ၏ စိုက်ပျိုးမြေများနှင့် ကျေးရွာ၏ရာသီဥတုအနေအထားသည် စိုက်ပျိုးသီးနှံများ စိုက်ပျိုးရန်အတွက် အဆင်ပြေသောကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်ပါသည်။ သို့သော် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းမှု၊ မြေဩဇာများ ဈေးနှုန်းမြင့်မားမှုနှင့်ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ဈေးကွက်မတည်မငြိမ်ခြင်းတို့များကြောင့် တောင်သူများအမြတ်ငွေရရှိမှုမှာနည်းပါးပါသည်။ အလယ်အလတ်အဆင့်ရှိ စိုက်ပျိုးရေးလုပ်ကိုင်ကြသည့် အိမ်ထောင်စုများနှင့် အခြားဆင်းရဲသော အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ စိုက်ပျိုးရေးနေ့စားစသည့် ကျပန်းလုပ်ငန်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ပြင်တွင်း/ပြည်ပအခြားသောဒေသများသို့ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုအချို့လည်း အဆင်ပြေကြပါသည်။ ကျေးရွာတွင် အများအားဖြင့် ထိုင်း/စင်ကာပူ /မလေးရှားနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ကြသူများလည်းရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဆီဆုံကုန်းလေးကျေးရွာတွင် တနိုင်တပိုင်မွေးမြူလုပ်ကိုင်သည့် အိမ်ထောင်စု(၂၃)စုရှိပါသည်။ အများအားဖြင့် ဒေသကွဲ(၆၄)ကောင်၊ ဒေသဝက်(၃၁)ကောင်၊ ဒေသကြက်(၉၉၅) ကောင်နှင့် ငါးများမွေးမြူထားပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ကြသည့် အိမ်ထောင်စုများ အနည်းငယ်သာရှိပါသည်။ ချေးငွေအခက်အခဲ၊ ဈေးကွက်မရှိခြင်း၊ နည်းပညာနှင့်

သွင်းအားစုများရရှိမှု အခက်အခဲများတို့ကြောင့် မွေးမြူရေးလုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်ရန် စိတ်အားထက်သန်မှု နည်းပါးသည်ကို တွေ့ရှိရပါသည်။

(ဂ)ငါးလုပ်ငန်း

ဆီဆုံကုန်းလေးကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သော်လည်း ပေါင်းလောင်းချောင်းနှင့် ကပ်လျက်တည်ရှိသည့်ကျေးရွာဖြစ်သည့်အတွက် ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် အခွင့်အလမ်းကောင်းများရှိပါသည်။ မြေနေရာအခက်အခဲရှိသော်လည်း ရေပေါ်ကန်များပြုလုပ်၍ ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်မည်ဆိုပါက အဆင်ပြေပါသည်။ သို့သော် ချေးငွေအခက်အခဲ၊ နည်းပညာရရှိမှု မရှိခြင်းတို့ကြောင့် ကျေးရွာမှ ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် စိတ်အားထက်သန်မှု နည်းပါးကြောင်း တွေ့ရှိရပါသည်။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

ဆီဆုံကုန်းလေးကျေးရွာတွင် စီးပွားဖြစ်ထုတ်ကုန်လုပ်ငန်းများ အနည်းငယ်သာရှိပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် နွေစားအလိုက် လုပ်အားခပေးချေမှုမှာ အများဆုံး(၁၅၀၀၀)ဖြစ်ပြီး အနည်းဆုံးမှာ(၁၀၀၀)ဖြစ်ပါသည်။ ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်မှာ (၁၇၀၀၀/)ကျပ် မှ (၁၅၀၀၀/-) ကျပ် အထိရပါသည်။ အလုပ်ကြမ်းသမားအဆင့်မှာ (၁၅၀၀၀) မှ (၁၀၀၀၀)ရရှိကြပါသည်။ သီးနှံများခူးဆွတ်ရိတ်သိမ်းချိန်များနှင့် အခြားသော ကျေးရွာအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများလည်း တစ်နေ့လျှင် လုပ်အား ခရရှိမှုမှာ(၁၅၀၀၀)မှ (၁၂၀၀၀)ကျပ်အထိရရှိကြပါသည်။ ဆီဆုံကုန်းလေးကျေးရွာတွင် လုပ်အားခရရှိမှုမှာ သတ်မှတ်ချက်မှာ ဆောက်လုပ်ရေးလုပ်ငန်းများမှ လွဲ၍အမျိုးသားနှင့် အမျိုးသမီး တူညီစွာရရှိကြပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေများပြားခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးနှင့် လူသားအရင်းမြစ်အတွက် အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်သင်တန်း၊ မုန့်လုပ်ငန်းစသည့် အိမ်တွင်းမှုလုပ်ငန်းများနှင့် ဆိုင်ကယ်ပြင်သင်တန်း၊ စက်ပြင်သင်တန်း၊ ဝါယာရိုန်း၊ ဂဟေဆက်၊ မုန့်ဖုတ်လုပ်ငန်း၊ ဘက်စုံသုံးဆပ်ပြာပြုလုပ်နည်း၊ မိုဘိုင်းဖုန်းပြင်နည်း၊ ထွန်စက်ပြုပြင်နည်း၊ အင်ဂျင်(ဝပ်လျှော့)ပြုပြင်နည်းသင်တန်းစသော အသက်မွေးဝမ်းကျောင်းသင်တန်းများ တတ်မြောက်မှုနည်းပါးခြင်းတို့ကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှုများတွင် အခွင့်အလမ်းနည်းပါးပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ဆီဆုံကုန်းလေးကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအတွက် "မဟာ"ချေးငွေနှင့် “ဌာပနာ” ချေးငွေစသည့် ပုဂ္ဂလိကချေးငွေအသင်းထံများ ချေးငွေများကို ချေးယူကြပါသည်။ ထိုအပြင် ပင်လောင်းမြို့နယ် သမဝါယမဦးစီးဌာနမှတစ်ဆင့်လည်း ချေးငွေချေးယူကြပါသည်။ သို့ရာတွင် ကျေးရွာအနေဖြင့် အိမ်ထောင်စုများပြားပြီး ချေးငွေအလုံအလောက်မရရှိခြင်းကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အရေးပေါ်လိုအပ်လာပါက အတိုးပေးချေးသူ/မိတ်ဆွေ/ဆွေးမျိုးများထံတွင် ချေးယူရပြီး တစ်လလျှင် အတိုးနှုန်း(၅)

ကျပ်မှ(၁၀)ကျပ်နှုန်းအထိ အတိုးကြီးမားစွာဖြင့် ချေးယူကြရပါသည်။ အများအားဖြင့် စိုက်ပျိုးရေး ကာလတွင်ချေးယူကြပြီး သီးနှံပေါ်သည့်ကာလ အချိန်တွင် ပြန်လည်ပေးဆပ်ကြပါသည်။ ထိုသို့ချေး ယူရာတွင်လည်း အပေါင်ခံပစ္စည်း ပေါင်နှံထားရန် လိုအပ်ပါသည်။ ကျေးရွာအနေဖြင့် မြစိမ်းရောင် စီမံကိန်း၊(RBF)စီမံကိန်းစသော အတိုးနှုန်း သက်သာသည့် ချေးငွေစီမံကိန်းများ ဆောင်ရွက်ပေးမည် ဆိုပါက တောင်သူများအတွက် ပိုမိုအဆင်ပြေပါသည်။

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျွန်ုပ်တို့ကျေးရွာ၏ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများအနေဖြင့် ပညာရေးဦးစီး ဌာနမှ တည်ဆောက်ပေးထားသော ကျေးရွာစာသင်ကျောင်းဆောင်(၁)ဆောင်ရှိပါသည်။ ကျေးရွာ၏ လက်ရှိ စာသင်ကျောင်းဆောင်မှာ လွန်ခဲ့သော ၂၀၁၃ ခုနှစ်တွင် (၈၀'x၁၅'x၁၀') (၁)ဆောင်တည် ဆောက်ခဲ့ပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးမရှိသေးပါ။ ကျေးရွာ၏ကုန်ထုတ်လမ်း(၂)လမ်းသည် အရှည်(၃/၀)မိုင်ခန့်ရှိပြီး မြေသားလမ်းသား ဖြစ်သည့်အတွက် မိုးရာသီအချိန်တွင် ထုတ်ကုန်များ သယ်ယူပို့ဆောင်ရာတွင် အခက်အခဲများ စွာရှိပါသည်။ အဆိုပါကုန်ထုတ်လမ်းကို ရာသီမရွေးသွားလာနိုင်ရန်အတွက် သဲဖြုန်းလမ်းအဆင့်မြင့် တင်နိုင်ရေး သက်ဆိုင်ရာဌာနများအနေဖြင့် ကူညီထောက်ပံ့ပေးနိုင်ပါရန် ကျေးရွာသူ/သားများက လိုလားနေကြပါသည်။ ကျေးရွာတွင်းလမ်းများအားလုံးသည် မြေသားလမ်းများဖြစ်ခြင်းကြောင့် မိုးရာသီအချိန်တွင် သွားလာရအခက်အခဲ အနည်းငယ်ရှိပါသည်။ ကျေးရွာ၏ မီးလင်းရေးအနေဖြင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးကိုတပ်ဆင် သွယ်တန်းထားပြီးဖြစ်သော်လည်း ငွေကြေးမတတ် နိုင်သည့် အိမ်ထောင်စုများအနေဖြင့် တပ်ဆင်နိုင်ခြင်း မရှိသေးပါ။ ဆက်သွယ် ရေးနှင့်ပတ်သက်ပြီး ဖုန်းလိုင်း၊ အင်တာနက်လိုင်း အတန့်အသင့်ကောင်းမွန်ပါသည်။ ကျေးရွာသူ/သားများအနေဖြင့် မိမိကျေးရွာဖွံ့ဖြိုးရေးကဏ္ဍတွင်များစွာ စိတ်ပါဝင်စားလျှက်ရှိပြီး အကောင်အထည်ဖော် ဆောင်ရွက် သော လုပ်ငန်းအားလုံး၌ ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်တတ်ကြပါသည်။

၆။ ပညာရေး

ဆီဆုံကုန်းလေးကျေးရွာ၏ ပညာရေးကဏ္ဍသည် အခြေခံပညာမူလွန်အဆင့်ရှိပြီး ကိုယ်ထူ ကိုယ်ထစနစ်ဖြင့် တည်ဆောက်ထားသော (၈၀'x၄၀'x၁၅') သစ်သား စာသင်ကျောင်းဆောင်(၁) ဆောင်ရှိပါသည်။ ထိုစာသင်ကျောင်းသည် နှစ်ပေါင်း(၁၀) ကာလကြာမြင့်သည်နှင့်အမျှ အဆိုပါ စာသင်ကျောင်းဆောင်သည် ဟောင်းနွမ်းဆွေးမြေ့လာခြင်း၊ ကျောင်းသူ/သားများဦးရေ များပြားလာ ခြင်းတို့ကြောင့် စာသင်ကျောင်းဆောင် အသစ်(၁)ဆောင်အား တည်ဆောက်ရန် ကျေးရွာမှ အထူး လိုလားနေကြပါသည်။ ကျေးရွာရှိ ကျောင်းသား/ကျောင်းသူများ အဆင်ပြေစွာ ပညာသင် ကြားရာ နိုင်ရေးအတွက် အခြေခံပညာ အလယ်တန်းကျောင်းအဆင့်တည်ဆောက်ဖွင့်လှစ်ပေးနိုင်ရန် အတွက် မိဘ/ဆရာများ အနေဖြင့် အထူးလိုလားနေကြပါသည်။

အထက်တန်းပညာရေးကို ပေါင်းလောင်းမြို့ပေါ်ရှိ စာသင်ကျောင်းများသို့ အဆောင်နေ စနစ်ဖြင့်သွားရောက်ပညာသင်ကြားကြရပါသည်။ ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော မူလတန်း ကျောင်းသားဦးရေ(၄၁)ဦး၊ အလယ်တန်း(၉)ဦးနှင့် အထက်တန်း(၁၀)ဦး၊ တက္ကသိုလ်/ကောလိပ်အဆင့်တက်ရောက်သူ(၁၁)ဦးရှိပါသည်။ အတန်းပညာပြီးမြောက်မှုအနေဖြင့် ကျေးရွာလူဦးရေ၏ မူလတန်းအဆင့် (၆၉%)၊အလယ်တန်းအဆင့်(၁၉%)ဦး၊ အထက်တန်းအဆင့်(၉%)ဦးနှင့် တက္ကသိုလ်/ကောလိပ်ဘွဲ့ရ(၄%)ရှိပြီး စာမတတ်သူ(၀%)ရှိပါသည်။ ရွာသူရွာသားများအား လုံးနီးပါး စာရေးတက်၊ ဖတ်တက်ကြပါသည်။ ယခုအခါတွင် ကျေးရွာ၌ မူလတန်းကျောင်း မဖြစ်မနေ တက်ရောက်ကြသော စနစ်ကိုလည်း လိက်နာကြပါသည်။ ဒေသတွင်ပညာရေးနှင့် ပတ်သတ်ပြီး အသင့်အတင့် ကောင်းမွန်ပါသည်။ မူလတန်း ပညာရေးမှာလည်း ပညာသင်ကြားမှုနှုန်း မြင့်မားသော်လည်း အလယ်တန်းနှင့်အထက်တန်းအထိ ပညာသင်ကြားမှုအတင့်တင့်ရှိပါသည်။

၇။ ကျန်းမာရေး

ကျွန်ုပ်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးဆိုင်ရာအရေးပေါ်ကိစ္စရပ်များအတွက် ပေါင်းလောင်းမြို့ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနမှ ကျေးရွာသူ/သားများ၏ ကျန်းမားရေးကိစ္စများ၊ ကာကွယ်ဆေးထိုးနှံမှုတို့ကို ဆောင်ရွက်ပေးမှုများရှိပါသည်။ ကျေးရွာ၏ သောက်သုံးရေအတွက် စိမ့်စမ်းရေနှင့် တွင်းနက်ကို သောက်သုံးကြပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကို ရေဆွဲ၊ ယင်လုံစနစ်ဖြင့် ဆောက်လုပ်ကြပြီး ဆင်းရဲသော အိမ်ထောင်စုများက သစ်သားပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာများသုံးစွဲကြသဖြင့် ယင်ကြောင့် ဖြစ်ပွားတတ်သော ဆက်စပ်ရောဂါများဖြစ်ပွားမှု နည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာများကို စနစ်တကျဆောက်လုပ်ထားသဖြင့် ကျောင်းသူ/သားများအတွက် အသုံးပြုရလွယ်ကူပါသည်။ ရာသီအကူးအပြောင်းကာလများတွင် တုတ်ကွေး၊ ဝမ်းပျက်/ဝမ်းလျှော ဖြစ်ပွားမှုများပြားပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျွန်ုပ်တို့ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်၍ မိုးရာသီ၌ ရေကြီးခြင်း၊ ရေလွှမ်းခြင်းများမရှိပါ။ ရန်ဖါရန်ခါ မိုးသီးကြွေကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်းမှလွဲ၍ အခြားသော ဘေးအန္တရာယ်ကျရောက်မှုများမရှိပါ။ ကျေးရွာတွင် စပါး၊ ပြောင်း၊ ငရုတ်၊ လက်ဖက်နှင့် နန္နင်း စိုက်ခင်းများတွင် ဖျက်ပိုးရောဂါများ ကျရောက်သဖြင့် ဓါတုပိုးသတ်ဆေးများသုံးစွဲမှုများပြားလာခြင်း၊ ဓါတုဓာတ်မြေဩဇာများ သုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးပျက်စီး၍ အထွက်နှုန်း ကျဆင်းလာပါသည်။ တောင်သူများအနေဖြင့် ဓါတုဗေဒပိုးသတ်ဆေးများကို အသုံးပြုမှုများပြား လာခြင်းနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှုအားနည်းခြင်းနှင့် အသိပညာဗဟုသုတများသိရှိမှု အားနည်းခြင်းတို့များကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ

အသိပညာပေးလုပ်ငန်းများ/ဟောပြောပွဲများကို နှစ်စဉ်နှစ်တိုင်းဌာနဆိုင်ရာအဖွဲ့များ၊ ပြင်ပအဖွဲ့အစည်းများ ကျင်းပပြုလုပ်ပေးနိုင်မည်ဆိုပါက ကျေးရွာအတွက်များစွာအကျိုးရှိပါသည်။

၉။ ကျား/မရေးရာ

ဆီဆုံကုန်းလေးကျေးရွာတွင် ကျား၊ မရေးရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုများတွင် ကျား၊ မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျား၊မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ခွဲခြားဆက်ဆံခြင်းကိစ္စရပ်များ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊ မအရေ အတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအတွက်နေ့ တွက်လုပ်အားခမှာ အမျိုးသားနှင့် အမျိုးသမီးများ တန်းတူရရှိကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျှက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့်ပါဝင်ဆောင်ရွက်ကြပါသည်။ ကျား၊မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊မ တန်းတူညီမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။ ကျေးရွာတွင် အမျိုးသမီးအကြမ်းဖက်မှုများ၊ လူကုန်ကူးမှု စသည့်များ ဖြစ်ပွားမှု မရှိပါ။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ဆီဆုံကုန်းလေးကျေးရွာ၏ နှစ်အလိုက် ဦးစားပေးအစီအစဉ်များကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုများသည် ကြိုက်နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးကျင်းပပြုလုပ်၍ စီမံချက်များ၊ ဦးစားပေးအစီအစဉ်များကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက်များရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြင်တွင်း/ပြင်ပအဖွဲ့အစည်းများနှင့် အခြားသော အေဂျင်စီများထံမှ နည်းပညာအကူ အညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ထားသော ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ နှစ်အလိုက်ဘတ်ဂျက်များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ကျေးရွာလူထုများမှ ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အစည်းအဝေးတွင် အများသဘောတူညီ သတ်မှတ်ထားသော နှစ်အလိုက်ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇	၂၀၂၇-၂၀၂၈	၂၀၂၈-၂၀၂၉
၁	ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ပေ(၃၀၀၀)	၁	√				
၂	စိမ့်စမ်းရေပိုက်သွယ်တန်းခြင်းနှင့်ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်း(၁/၀)မိုင်	၂	√	√			
၃	မြစိမ်းရောင်ကျေးရွာစီမံကိန်း Type-2 (၁) ယူနစ် ဆောင်ရွက်ပေးခြင်း	၃	√	√			
၄	စာသင်ကျောင်းဆောင်တည်ဆောက်ခြင်း (၁၀၀' x ၂၁' x ၁၀')	၄		√	√	√	√
၅	ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း လုပ်ငန်းခြင်း (၂၀' x ၁၂' x ၈')	၅		√	√	√	√
၆	ကျေးရွာဘက်စုံသုံးခန်းမဆောင်တည် ဆောက်ခြင်း (၄၀' x ၂၀' x ၁၀')	၆		√	√	√	√
၇	ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း (၂/၀)မိုင်	၇		√	√	√	√

၁၁။ ဆီဆုံကုန်းလေးကျေးရွာ၏ ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅)	စုစုပေါင်း	အဆင့်
၁	ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ပေ(၃၀၀၀)	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၁
၂	စိမ့်စမ်းရေပိုက်သွယ်တန်းခြင်းနှင့်ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း(၁/၀)မိုင်	၁၀	၁၀	၁၀	၁၀	၉	၄၉	၂
၃	မြစိမ်းရောင်ကျေးရွာစီမံကိန်း Type-2 (၁)ယူနစ် ဆောင်ရွက်ပေးခြင်း	၈	၁၀	၁၀	၈	၁၀	၄၈	၃
၄	စာသင်ကျောင်းဆောင်တည်ဆောက်ခြင်း (၁၀၀**'** **x** ၂၁**'** **x** ၁၀’**)**	၈	၈	၈	၈	၈	၄၀	၄
၅	ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းခြင်း (၂၀**'** **x** ၁၂**'** **x** ၈’**)**	၇	၇	၇	၇	၇	၃၅	၅
၆	ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း (၄၀**'** **x** ၂၀**'** **x** ၁၀’**)**	၆	၆	၆	၆	၆	၃၀	၆
၇	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း (၂/၀)မိုင်	၅	၅	၅	၅	၅	၂၅	၇

၁၂။ ဆီဆုံကုန်လေးကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးမြင့်ဇော်	ဦးမြင့်ဆွေ	၁၃/ပလန(နိုင်)၀၅၆၂၉၆	ဥက္ကဋ္ဌ	
၂	ဦးနေထက်	ဦးကြည်လင်း	၁၃/ပလန(နိုင်)၀၉၄၇၂၆	အတွင်းရေးမှူး	
၃	ဦးဇော်ထက်အောင်	ဦးညို၀င်း	၁၃/ပလန(နိုင်)၀၈၇၉၀၅	ဘဏ္ဍာရေးမှူး	
၄	ဒေါ်သဲနော်ဇာလင်း	ဦးမြင့်ရွှေ	၁၃/ပလန(နိုင်)၁၁၅၀၅၆	စာရင်းကိုင်	
၅	ဦးစိုးအောင်	ဦးအောင်ရှိန်	၁၃/ပလန(နိုင်)၀၉၄၇၉၇	အဖွဲ့၀င်	
၆	ဒေါ်နွဲ့နွဲ့မူ	ဦးလှရွှေလေး	၁၃/ပလန(နိုင်)၀၇၃၉၂၂	အဖွဲ့၀င်	
၇	ဒေါ်တင်နွယ်ဦး	ဦး၀င်းမြင့်	၁၃/ပလန(နိုင်)၀၆၁၀၆၀	အဖွဲ့၀င်	

၁၃။ ဆီဆုံကုန်းလေးကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးမြင့်ဇော်	ဦးမြင့်ဆွေ	၁၃/ပလန(နိုင်)၀၅၆၂၉၆	ဥက္ကဋ္ဌ	
၂	ဦးနေထက်	ဦးကြည်လင်း	၁၃/ပလန(နိုင်)၀၉၄၇၂၆	အတွင်းရေးမှူး	
၃	ဒေါ်သဲနော်ဇာလင်း	ဦးမြင့်ရွှေ	၁၃/ပလန(နိုင်)၁၁၅၀၅၆	စာရင်းကိုင်	

၁၄။ **စီမံချက်ဆိုင်ရာ အချက်အလက်များ**

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- ဆီဆုံကုန်းလေးကျေးရွာ
ကျေးရွာအုပ်စု	- ထိန်ပင်ကျေးရွာအုပ်စု
မြို့နယ်	- ပင်လောင်းမြို့နယ်
တိုင်း/ပြည်နယ်	- ရှမ်းပြည်နယ်(တောင်ပိုင်း)၊ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
စီမံချက်အမည်	- ကျေးရွာတွင်းလမ်း ကွန်ကရိလမ်းခင်းခြင်းလုပ်ငန်း(၇၀၀' x ၁၂' x ၆")

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

ကျွန်တော်တို့ကျေးရွာအဝင်လမ်းသည် မြေသားလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံး ရာသီမရွေးသုံးစွဲနိုင်ရန်အတွက် အခက်အခက်ရှိပါသည်။ မိုးရာသီအချိန်တွင် သွားလာရအခက်အခဲဖြစ်သည့်အတွက် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းခင်းရန်အတွက် အမှန်တစ်ကယ်လိုအပ်ပါသည်။ အဆိုပါ ရွာတွင်းလမ်းအား **(VDP)**စီမံကိန်းရန်ပုံငွေဖြင့် ကွန်ကရစ်ခင်းပါက ကျေးရွာအတွက် များစွာအကျိုးရှိပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

VDP စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရိခင်းခြင်းလုပ်ငန်း ဆောင်ရွက်သွားပါမည်။ ကွန်ကရိလမ်းခင်းရန်အတွက်လည်း ကျေးရွာသူ/သားများ ကိုယ်တိုင် ရွေးချယ်အတည်ပြုထားပြီးဖြစ်ပါသည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

(**VDP)** စီမံကိန်းရန်ပုံငွေနှင့် ပြည်သူထည့်ဝင်များဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရိလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ကျေးရွာအတွက် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အဦးဖွံ့ဖြိုးရေးကဏ္ဍတွင် များစွာအကျိုးပြု အထောက်အကူပြုမည်ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်)

သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ပံ့ငွေ၊ နည်းပညာအကူအညီနှင့် ကျေးရွာသူ/သားများ၏ လုပ်အား၊ ထည့်ဝင်ငွေများဖြင့်လုပ်ငန်းအား အရည်သွေးပြည့်မီစွာနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းအား အောင်မြင်စွာ ဆောင်ရွက်သွားမည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၅၀၀၀၀၀၀/-(ငွေသား) • ၃၆၅၀၀၀၀/- (ငွေသား) • (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၇၄	၁၅၂	၃၂၆	၇	၂၇	၃၂	၁၉	၈၅
အကျိုးခံစားမည့်သူ ဦးရေ	၁၇၄	၁၅၂	၃၂၆	၇	၂၇	၃၂	၁၉	၈၅
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်းများ - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ - ကျေးရွာလူထု - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၂၂-၁၀-၂၀၂၄
(၃) စီမံချက် ပြီးစီးမည့် အချိန် - ၃၁-၁၂-၂၀၂၄
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - ကျေးရွာသူ/သားများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေအား/လုပ်အား/ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး/ရွာသူကြီး၊ ဆယ်အိမ်မှူး/ရာအိမ်မှူးများ၊ ကျေးရွာရပ်မိရပ်ဖများမှ ဦးဆောင်၍ ရွာလုံးကျွတ် အစည်းအဝေး ကျင်းပပြုလုပ်ခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတွင်း လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီနှင့် ရပ်ရွာမှ တာဝန်ပေးအပ်ထားသော သိတတ်နားလည်သည့် ကြီးကြပ်သူများမှ ဦးဆောင်မှုဖြင့် ကျေးရွာ သူ/သားများ ပူးပေါင်း၍ လုပ်ငန်းလည်ပတ်နိုင်ရေးနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များအား စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၅။ ဆီဆုံကုန်းလေးကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	မိုးရာသီအချိန်တွင် သွားလာရေ အခက်အခဲရှိခြင်း	ကျေးရွာတွင်းလမ်း မြေသားလမ်းဖြစ်နေခြင်း	လုပ်အားထည့်ဝင်နိုင်ခြင်း၊ မြေနေရာရှိခြင်း	ငွေကြေးအခက်အခဲရှိခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ပေ(၃၀၀၀)
၂	နွေရာသီအချိန်တွင် သောက်သုံးရေ အခက်အခဲရှိခြင်း	ကျေးရွာမှ ကိုယ်ထူကိုယ်ထရေပိုက်အသေးများဖြင့် သွယ်တန်းထားသောကြောင့် ရွာသို့ရေအရောက်နည်းခြင်းနှင့် အများသုံးရေစုကန်မရှိခြင်း	လုပ်အားထည့်ဝင်နိုင်ခြင်း၊ မြေနေရာရှိခြင်း	ငွေကြေးအခက်အခဲရှိခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	စိမ့်စမ်းရေပိုက်သွယ်တန်းခြင်းနှင့် ရေစုကန်တည်ဆောက်ခြင်း(၂/၀)မိုင် ဂါလံ(၁၀၀၀၀)ဆံ့ကန်
၃	စိုက်ပျိုးရေးချေးငွေများ ရရှိရေးအခက်အခဲရှိခြင်း	ကျေးရွာရန်ပုံငွေမရှိခြင်း	ကျေးရွာမှ စိတ်အားထက်သန်မှုရှိခြင်း	သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	မြစိမ်းရောင်ကျေးရွာစီမံကိန်း **Type-2** တစ်ယူနစ်ဆောင်ရွက်ပေးခြင်း
၄	ကျေးရွာရှိ ကျောင်းသူ/သားဦးရေ များပြားလာခြင်း	ကျေးရွာစာသင်ကျောင်းဆောင်မလုံလောက်ခြင်း	လုပ်အားထည့်ဝင်နိုင်ခြင်း၊ မြေနေရာရှိခြင်း၊ ကျေးရွာမှ ငွေကြေး အနည်းငယ်ထည့်ဝင်နိုင်ခြင်း	သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	စာသင်ကျောင်းဆောင်သစ်တစ်ဆောင်တည်ဆောက်ပေးခြင်း (၁၀၀' **x** ၂၁' **x** ၁၀')

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၅	ပညာရေးဝန်ထမ်းများ နေထိုင်ရန် အခက်အခဲရှိခြင်း	ဝန်ထမ်းအိမ်ရာမရှိခြင်း	လုပ်အားထည့်ဝင်နိုင်ခြင်း၊ မြေနေရာရှိခြင်း	ငွေကြေးအခက်အခဲရှိခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းခြင်း (၂၀' x ၁၂' x ၈')
၆	ကျေးရွာဘုံပစ္စည်းများထားသိုရန်နေရာမရှိခြင်း၊ အများအစည်းအဝေးကျင်းပရန် နေရာမရှိခြင်း	ကျေးရွာပိုင်ခန်းမဆောင်မရှိခြင်း	လုပ်အားထည့်ဝင်နိုင်ခြင်း၊ မြေနေရာရှိခြင်း၊ ကျေးရွာမှ ငွေကြေး အနည်းငယ်ထည့်ဝင်နိုင်ခြင်း	သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း (၄၀' x ၂၀' x ၁၀')
၇	စိုက်ပျိုးရေးထုတ်ကုန်များသယ်ယူပို့ဆောင်ရာတွင် အခက်အခဲရှိခြင်း	ကျေးရွာကုန်ထုတ်လမ်းမြေသားလမ်းဖြစ်ခြင်း၊ လမ်းမကောင်းခြင်း	မြေနေရာအကျယ်အဝန်းပေးနိုင်ခြင်း၊	သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း (၂/၀)မိုင်

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်		၁	၁		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၄	၇	၁၁		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၀	၉	၂၉		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၈	၁၄	၂၂		၁
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၃၁	၁၀၈	၂၃၉	၃	၁
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၁	၁၃	၂၄	၂	
စုစုပေါင်း		**၁၇၄**	**၁၅၂**	**၃၂၆**	**၅**	**၂**
စုစုပေါင်း အိမ်ထောင်စု		**၈၅**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှာ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည် မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက် အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ဆီဆုံကုန်းလေးကျေးရွာရှိ လူဦးရေ(၃၂၆)ဦးအနက်မှ အလုပ်လုပ်နိုင်သည့် လူဦးရေ(၂၃၉)ဦးရှိ၍ အသက်(၁၄)နှစ်အောက် (၂၂)ဦးရှိပြီး သက်ကြီးရွယ်အို(၂၄)ဦးရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင် သော ဦးရေများသောကြောင့် ကျေးရွာတွင်လိုအပ်သော ကိစ္စအဝဝကို ပူးပေါင်းဆောင်ရွက်မှုအားကောင်းသည်ကို တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ		အိမ်ထောင်စုဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၈၅	၂၃၉	၁၀	၉	၁၀	၁၉	မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေ ချာစွာဖတ်ပြီးမှန် ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၃					မြင့် ☐ လတ်☑ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၂					မြင့် ☐ လတ်☑ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေ ချာစွာဖတ်ပြီးမှန် ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၄					မြင့် ☑ လတ်☐ နိမ့် ☐
	စုစုပေါင်း	**၈၅**	**၂၃၉**	**၁၀**	**၉**	**၁၀**	**၁၉**	☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - "**စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ဆီဆုံကုန်းလေး ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းပြုကြပြီး အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု(၁၄)စုရှိပါသည်။ လုပ်သားအင်အား အသင့်အတင့်ရရှိနိုင်ပါသည်။ ကျေးရွာပြင်ပဖြစ်သော ထိုင်းမလေးရှား၊ စင်ကာပူနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် အိမ်ထောင်စုများလည်း ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၅၀၀၀	၁၅၀၀၀	၁၂၀၀၀	၁၂၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၇၀၀၀	၁၅၀၀၀	၁၅၀၀၀	၁၂၀၀၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်ကြသဖြင့် အလုပ်သမား လုပ်အားခ များ အနေဖြင့် အမျိုးသား/သမီးတန်းတူရမှာ ဟွာဟမှု မရှိပါ။ လက်သမား၊ပန်းရံ လုပ်ငန်းတွင်သာလျှင် ကျား/မ လုပ်အားခ ကွာဟ မှုရှိပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၄၄	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၃၂၇	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၉	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ(ကျွန်းမျှော)	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၄၀၀	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်/ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသဖြင့် အခြားဝင်ငွေရ လုပ်ငန်း လုပ်ကိုင်သူများမှာ အိမ်ထောင်စု(၁၄)စုရှိပါသသည်။ အဆိုပါ အိမ်ထောင်စုများသည် ပြင်ပသို့ သွားရောက်လုပ်ကိုင်ကြသည့် အိမ်ထောင်စုများဖြစ်ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☑မရှိ	လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐အပြောင်းအလဲမရှိ ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ(အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ(တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်း သစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသော ကျေးရွာဖြစ်သည့်အတွက် ကျေးရွာအနီးအနားတွင် အခြားကျောက်၊သဲများ အနည်းငယ်သာထွက်ရှိပြီး အသုံးချမှုမှာ အခက်အခဲရှိပါသည်။ သောက်သုံးရေအတွက် ပေါင်းလောင်းချောင်းရေကိုသာ အဓိကထားအသုံးပြုကြပါသည်။ ကျေးရွာ၏ အနီးနားတွင် အခြားခါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်း/ထွက်ရှိခြင်း မရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၇	၂၇	၃၂	၁၉

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ အိမ်ထောင်စုများအား ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အများစုသည် အဆင်ပြေသော အိမ်ထောင်စုနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စုများပြားပြီး မပြေလည်သော အိမ်ထောင်စု (၄၅)စု တွေ့ရှိရပါသည်။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ ပိုင်ဆိုင်သူဦးရေများပြားသဖြင့် မိသားစုဝင်ငွေ ကောင်းမွန်သောကျေးရွာဖြစ်၍ အလွန်မပြေလည်သောအိမ်ထောင်စုများအနေဖြင့် စိုက်ပျိုးရေးရာသီအချိန်တွင် အငှားလိုက်ခြင်းနှင့် ပေါင်းလောင်းချောင်းမှငါးဖမ်းခြင်းလုပ်ငန်းကိုသာ လုပ်ကိုင်ဆောင်ရွက်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၈	၁	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၁၈ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု	၃၄	၄	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၃၄ လုပ်အားခကြိုယူ = ၀
ဖြလမှ၁၂လအထိဝမ်းစာဖူလုံမှု	၁		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၁ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဥစ္စာဓနအဆင့်(၄)မှ အိမ်ထောင်စု(၆)စုရှိပြီး၊ ဥစ္စာဓနအဆင့်(၃)လည်း အိမ်ထောင်စု(၄၃)စုရှိပါသည်။ ကျေးရွာတွင် ဝမ်းစာဖူလုံမှုအခြေအနေ စစ်တမ်းကောက်ယူရာတွင် အလုပ်အကိုင်အခွင့် အလမ်းကောင်းမွန်သောကျေးရွာဖြစ်သဖြင့် ဝမ်းစာဖူလုံသည့် အိမ်ထောင်စုများသာရှိကြောင်း တွေ့ရှိရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေနှင့်ပတ်သက်၍ မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓			✓		
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ	✓			✓		
၄	ဆူနာမီ	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၅	တိုင်ဖုန်းမုနတိုင်း		✓		✓		
၆	လေဆင်နှာမောင်း	✓			✓		
၇	ငလျင်	✓			✓		
၈	အပူလှိုင်း	✓			✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓			✓		
၁၀	အအေးလှိုင်း	✓			✓		
၁၁	မိုးသီးကြွေကျမှု	✓			✓		
၁၂	မိုးခေါင်ခြင်း	✓			✓		
၁၃	တောမီးလောင်ခြင်း		✓		✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓			✓		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓			✓		
၁၆	မြေပြိုခြင်း		✓		✓		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓			✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓			✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓			✓		
၂၀	သစ်တောပြုန်းတီးခြင်း	✓			✓		
၂၁	ငှက်ဖျားရောဂါ	✓			✓		
၂၂	တီဘီရောဂါ	✓			✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓			✓		
၂၄	ကပ်ရောဂါ		✓		✓		
၂၅	ပြည်တွင်းပဋိပက္ခ		✓		✓		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း	✓			✓		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်		✓		✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက် သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်

အိမ်ထောင် စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝရင်းမြစ်ရှားပါးမှုဘေးအန္တရာယ်များသည် ကျေးရွာအပေါ်ထိခိုက် သက်ရောက်နိုင်မှုအနည်းငယ်ရှိပြီး နှစ်စဉ်ရာသီတုပ်ကွေးကူးစက်ရောဂါသည် အနည်းငယ်ဖြစ်ပွားမှုရှိပါသည်။ ထိခိုက်သက်ရောက်မှုများအား ဘေးအန္တရာယ်လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများ စီမံနိုင်သည့် စွမ်းဆောင်နိုင်မှုမှာ အားနည်းပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်		✓		✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု			✓	✓		
၃	ဆင်းရဲသားတောင်သူ			✓	✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင် သောအိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင်နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓			✓		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင် နေထိုင်သူများ	✓			✓		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✓			✓		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✓			✓		
၉	ငါးကန်ပိုင်ရှင်များ	✓			✓		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ			✓	✓		
၁၁	လူနည်းစုလူမျိုးများ	✓			✓		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	✓			✓		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓			✓		
၁၄	ရွှေတွင်းလုပ်သားများ	✓			✓		
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	✓			✓		
၁၆	နေရပ်ပြန်အခြေချသူများ	✓			✓		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက လူငယ်၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု၊ ဆင်းရဲသောတောင်သူများနှင့် လက်လုပ်လက်စားများ အုပ်စုသည် ထိခိုက်သက်ရောက်မှု အများဆုံးခံရနိုင်သည့်အုပ်စု ဖြစ်ပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့	၁□၂☑၃□	၅	-	၅	ပညာရေး☑ ဌေကြေး☑ ကျန်းမာရေး☑ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာရွေး ရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင် သည်။)	စွမ်းဆောင်နိုင်မှု(မှန် ရာတစ်ခုကိုသာရွေးရ န်)
			ကျား	မ	ပေါင်း		
၂	စာသင် ကျောင်း ကော်မတီ	၁☐၂☑၃☐	၅	၇	၁၂	ပညာရေး☑ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၃	မီးလင်းရေး ကော်မတီ	၁☐၂☑၃☐	၅	-	၅	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၄	လူငယ်အဖွဲ့	၁☐၂☑၃☐	၁၅	၁၀	၂၅	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၅	စမ္မစကြံာ အဖွဲ့	၁☐၂☑၃☑	၁	၁၅	၁၆	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၆		၁☐၂☐၃☐				ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐
၇		၁☐၂☐၃☐				ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ဌေစုဌေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးနှင့် သာရေး/နာရေးကိစ္စ အဝဝကို ကျေးရွာ တွင်းရှိ အဖွဲ့အစည်း/ကော်မတီ အသီးသီးတို့မှ ကဏ္ဍအလိုက်ဦးဆောင်၍ လမ်းညွှန်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင်းရှိ အဖွဲ့များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်ဆောင်ရွက်မှု အတင့်တင့်အားကောင်းပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	**အမည်**	**အဖွဲ့အစည်းအမျိုးအစား**(မှန်ရာတစ်ခုကိုသာရွေးရန်)	**အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်**(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	မဟာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၂	ရွှေကမ္ဘောဇ	၁☐ ၂☐ ၃☑ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၄	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၅	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၆	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ –မွတ်စလင်အေးလ်ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များ ဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (**ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်**) **တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။**

